## ပြည်ပဆန်သတင်း

ဇန်နဝါရီလဆန်းမှစ၍ ကျဆင်းလာသော အာရှဆန်ဈေးနှုန်းများသည် မတ်လ (၁၅) ရက်နေ့အထိ ဆက်လက်ကျဆင်းလာခဲ့ပါသည်။ မတ်လ (၅) မတိုင်မီက တစ်တန်လျှင် ကန်ဒေါ်လာ ၄၈၀ ရှိခဲ့သော ထိုင်းဆန်ဖြူ ၂၅% သည် မတ်လ (၅) ရက်နေ့မှစ၍ တစ်တန်လျှင် ၄၆၀ ဒေါ်လာသို့လည်းကောင်း၊ ဗီယက်နမ်ဆန်ဖြူ ၂၅% မှာ ၃၇၅ ဒေါ်လာမှ ၃၆၀ ဒေါ်လာသို့လည်းကောင်းရောက်ရှိခဲ့ပါသည်။ ပါကစ္စတန်ဆန်ဖြူ ၂၅% မှာမူ ပြောင်းလဲမှုမရှိ ဈေးနှုန်း တည်ငြိမ်နေပါသည်။ ဆန်ဈေးကျဆင်းရခြင်းမှာ ကမ္ဘာ့ဆန်ထုတ်လုပ်မှုအများဆုံး ထိုင်းနှင့်ဗီယက်နမ်၌ ဆန်သစ်ပေါ်နေချိန်တွင် ကမ္ဘာ့ဆန်ဝယ်လိုအား နည်းနေခြင်း၊ ဆန်တင်သွင်းနေကျ အာဖရိကနှင့်ဖိလစ်ပိုင်တို့က လောလောဆယ် ဆန်အဝယ်ခေတ္တရပ်နားထားခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရသည်။ ထိုင်းနိုင်ငံတွင် လက်ရှိဆန် သိုလှောင်ထားရှိ မှုပမာဏ တန်ချိန် ၆ သန်းဝန်းကျင်ရှိနေသော်လည်း ဈေးကွက်ဈေးနှုန်း မကျဆင်းစေရန် အစိုးရက လယ်သမားများ ထံမှ ဆန်ကို စတင်ဝယ်ယူနေသည့်အပြင် ထိုင်းနှင့် ဗီယက်နမ်က ဆန်သိုလှောင်ရုံများ တည်ဆောက်နေခြင်း သည် ဆန်ဈေးနှုန်း ကျဆင်းမှုကို ထိန်းထားကြောင်း သိရသည်။

အရှေ့တောင်အာရှဒေသရှိ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ၊ ကမ္ဘောဒီးယားအပါအဝင် တောင်အာရှမှ အိန္ဒိယနှင့် ပါကစ္စတန်တို့သည် ကမ္ဘာ့ဆန်ကုန်သွယ်မှုကို လွှမ်းမိုးထားပါသည်။ ၂၀၀၉ ခုနှစ်အတွင်း ကမ္ဘာ့ဆန်ကုန်သွယ်မှု ပမာဏ တန်ချိန် ၂၉.၃ သန်းတွင် ယင်းနိုင်ငံများ၏ ကုန်သွယ်မှုမှာ တန်ချိန် ၂၀.၃၂ သန်း ဖြစ်ပါသည်။ ၂၀၁၀ တွင်လည်း ဆန်ကုန်သွယ်မှု တန်ချိန် ၃၀.၈၄ သန်း ရှိမည် မျှော်မှန်းပြီး အဆိုပါနိုင်ငံများ၏ ဆန်ကုန်သွယ်မှုမှာ တန်ချိန် ၂၃.၄ သန်းရှိမည်ဟု ခန့်မှန်းကြောင်း သိရသည်။

### (က) ထိုင်းဆန်သတင်း

အာရှတွင် ဆန်ကုန်သွယ်မှုအားနည်းနေပြီး ဈေးနှုန်းမှာလည်း အနည်းငယ်အားပျော့လျှက်ရှိသည်။ ထိုင်းဆန် ၁၀၀ % Grade B သည် တစ်တန်လျှင် ကန်ဒေါ်လာ ၅၂၀ နှုန်းဖြင့်တည်ငြိမ်လျှက်ရှိသည်။ထိုင်းအစိုးရသည် ဆန်ဈေးနှုန်းများကျဆင်းခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဝင်ရောက်စွက်ဖက်ကာ လယ်သမားများထံမှ ဆန်ကို ဝယ်ယူလျှက်ရှိသည်။ ထို့ကြောင့် ထိုင်းဆန်ဈေးနှုန်းမှာတည်ငြိမ်လျှက်ရှိသည်။ အရည်အသွေးမြင့် ဆန်မွှေး ကွန်တိန်နာ အနည်းငယ်ကိုသာ အရှေ့အလယ်ပိုင်းသို့တင်ပို့လျှက်ရှိကြောင်း ထိုင်းဆန် တင်ပို့သူ တစ်ဦးက ပြောကြားလိုက်သည်။ ပြည်တွင်း ထိုင်းဆန်ဈေးနှုန်းသည် ဆန်သစ်ပေါ်လာသော်ငြားလည်း ဈေးနှုန်းမပြောင်းလဲဘဲ ဆန်ဖြူ

တစ်တန်လျှင် ကန်ဒေါ်လာ ၄၂၈ ဖြင့် ရောင်းချလျှက်ရှိကြောင်းသတင်းရရှိသည်။ ထိုင်းအစိုးရသည် ဈေးနှုန်းဝင်ရောက်စွက်ဖက်သည့်အစီအစဉ်အရ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစတင်ကာ လယ်သမားများထံမှ စပါးတစ်တန်လျှင် ကန်ဒေါ်လာ ၃၀၆ ဖြင့် ဝယ်ယူလျှက်ရှိသည်။ ထို့သို့ဝယ်ယူခြင်းဖြင့် အစိုးရ၏ ကုန်သိုလှောင်မှုအားဖြည့်ပေးရာရောက်မည်ဖြစ်သည်။ ဧပြီလတွင် ဆန်ရောင်းလိုအားထိပ်ဆုံးသို့ရောက်ရှိကာ ဆန်ဈေးနှုန်းများကျဆင်းမည်ကိုစိုးရိမ်သောကြောင့် အစိုးရမှ အရန်သိုလှောင်ထားသောဆန်ကို လာမည့်လများတွင်ထုတ်ရောင်းပေးဦးမည်မဟုတ်ကြောင်းသတင်း ရရှိသည်။

## (ခ) ဗီယက်နမ် ဆန်သတင်း

ကမ္ဘာ့ဆန်ဒုတိယအများဆုံးတင်ပို့သည့် ဗီယက်နမ်တွင် ဆန်ထွက်နှုန်းကောင်းမွန်ခဲ့မှုကြောင့် ဆန်ဈေးနှုန်းသည်ဆက်လက်ကျဆင်းဖွယ်ရှိကြောင်းသတင်းရရှိသည်။ ဗီယက်နမ်ဆန် ၅ % ဆန်ကွဲပါသော ဆန်ပို့ကုန်ဈေးနှုန်းသည် မတ်လပထမပတ်တွင် FOB တစ်တန်လျှင် ကန်ဒေါ်လာ ၃၇၀ မှ ၄၃၀ ကြား ရှိနေရာမှ မတ်လဒုတိယပတ်တွင် တစ်တန်လျှင် ကန်ဒေါ်လာ ၃၆၀ မှ ၃၉၀ ကြားသို့ဈေးကျသွားခဲ့သည်။

ဗီယက်နမ်အစိုးရ၏ ဆန်သိုလှောင်ရေးစီမံချက်အရဆန်ဝယ်ယူမှုသည် ရန်ပုံငွေမရှိသောကြောင့် နှောင့်နှေးနေရာပြည်တွင်းဆန်ဈေးနှုန်းများကျဆင်းလျှက်ရှိသည်။ ကုမ္ပဏီများတွင် ရန်ပုံငွေအဆင်သင့်မရှိသောကြောင့် ဘဏ်ပေါ်တွင်မှီခိုနေရပြီး ဘဏ်များမှလည်းငွေကိုတဖြည်းဖြည်းချင်းထုတ်ချေးလျှက်ရှိသည်။ လယ်သမားများကလည်း ဆန်ကိုဈေးနိမ့်နိမ့်ဖြင့် ရောင်းချရန်ငြင်းဆိုနေကြောင်း ဟိုချီမင်းမှ ဆန်တင်ပို့သူမှ ပြောကြားလိုက်သည်။ သို့ရာတွင် ဆန်တင်ပို့သူများမှ မတ်လနှင့် ဧပြီလအတွက် ဆန်ဝယ်ယူမှုရည်မှန်းချက်ကိုပြည့်မီပြီးဖြစ်ကြောင်း ဗီယက်နမ်စားသောက်ကုန်အသင်းမှပြောကြားလိုက်သည်။

ဆန်ဈေးကျဆင်းနေချိန် လယ်သမားများ အမြတ်ငွေကို အနည်းဆုံး ၃၀% ရရှိစေရေးအတွက် ပွဲစား များသို့ အခွံမချွတ်ရသေးသော ဆန်ရောင်းချရာတွင် သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းရမည်ဟု ဝန်ကြီးချုပ်ငုရင်တန်ဒန်းက ဗဟိုအဆင့်မြို့များနှင့်ပြည်နယ်အဆင့်ပြည်သူကော်မတီများအား ညွှန်ကြားထားကြောင်း သိရသည်။

သာမာန်အားဖြင့် ဗီယက်နမ်တွင် ကြားပွဲစားများက အခွံမချွတ်ရသေးသော ဆန်ကို လယ်သမားများထံမှဝယ်ယူကာ အခွံချွတ်၍ ပို့ကုန်လုပ်ငန်းရှင်များနှင့် ကုန်သည်များကို ရောင်းချကာ အမြတ်ငွေများ ရနေသော်လည်း လယ်သမားများမှာမူ များစွာ ဆုံးရှုံးလျှက်ရှိ၍ ယခုကဲ့သို့ ဈေးနှုန်းသတ်မှတ်ရကြောင်း သိရသည်။

(ဂ) **အိန္ဒိယဆန်သတင်း**

အိန္ဒိယနိုင်ငံ၏ ပြည်သူ့ဖြန့်ဝေရေးစနစ် (PDS) တွင် စားနပ်ရိက္ခာသီးနှံများ အလုံအလောက်ရှိနေခြင်းကြောင့် စားနပ်ရိက္ခာဈေးနှုန်းများလာမည့်နှစ်လကျော်တွင် ကျဆင်းသွားဖွယ်ရှိကြောင်း ဝန်ကြီးချုပ်၏ စီးပွားအကြံပေးကောင်စီဥက္ကဋ္ဌ Dr C. Rangarajan က ဆိုပါသည်။

အိန္ဒိယတွင် ဆန်တန်ချိန် ၂၅.၆၅ သန်းနှင့်ဂျုံတန်ချိန် ၁၆.၂၈ သန်း သိုလှောင်ထားရှိကြောင်း၊ လက်ရှိအချိန်အထိ ကောက်သစ်ဆန်ဝယ်ယူသိုလှောင်ထားမှုမှာလည်း တန်ချိန် ၂၄ သန်း ရှိနေကြောင်း၊ ဝယ်ယူရမည့်ပမာဏမှာ တန်ချိန် ၂၇ သန်း ဖြစ်ကြောင်း သိရသည်။

တန်ချိန် ၂၇ သန်းအောက်သာ ဝယ်ယူရရှိပါက ဆန်ဝယ်ယူတင်သွင်းရဖွယ်ရှိကြောင်း၊ သို့သော် လက်ရှိဝယ်ယူထားပြီး ဆန်တန်ချိန်မှာ ၂၄ သန်းဖြစ်၍ လျားထားချက်ပြည့်မှီအောင် ဝယ်ယူနိုင်မည်ဖြစ်ကြောင်း Dr.C Rangarajan က ဆိုပါသည်။

(ဃ) **ပါကစ္စတန် ဆန်သတင်း**

မလေးရှားနိုင်ငံသည် ထိုင်းနှင့်ဗီယက်နမ်ဆန်တင်သွင်းမှုအပေါ် မှီခိုနေရခြင်းမှ လျော့ပါးစေ ရေးနှင့် အခြားနိုင်ငံဆန်ကို ပြောင်းလဲအသုံးပြုနိုင်ရေး ရည်ရွယ်၍ ပါကစ္စတန်ဆန်ကို လေးဆတိုး တင်သွင်းရန် ဆောင်ရွက်နေကြောင်း သိရသည်။ မလေးရှားသည် ဆန်တင်သွင်းရာတွင် ထိုင်းဆန်ကို စုစုပေါင်း ဆန်တင်သွင်းမှု၏ ၄၅.၉၀% တင်သွင်းပြီး ဗီယက်နမ်ဆန်ကို ၃၄.၅% တင်သွင်းကြောင်း သိရသည်။ ပါကစ္စတန်ဆန်ကို စုစုပေါင်း ဆန်တင်သွင်းမှု၏ ၄.၁% သာ တင်သွင်းနိုင်ခဲ့၍ ၂၀၁၀ တွင် ၄ ဆ တိုး တင်သွင်းရန် စီစဉ်နေကြောင်း သိရသည်။

(င) **ဖိလစ်ပိုင်နိုင်ငံ ဆန်သတင်း**

မေလတွင် ကျင်းပမည့် ဖိလစ်ပိုင် ရွေးကောက်ပွဲပြီးသည့်အချိန်တိုင်အောင် ဖိလစ်ပိုင်နိုင်ငံ မှ ဆန်တင်ဒါအသစ်များ ခေါ်ယူဦးမည်မဟုတ်၍ ထိပ်တန်းဆန်တင်ပို့နိုင်ငံများဖြစ်ကြသော ထိုင်းနှင့် ဗီယက်နမ် ဆန်ဈေးနှုန်းများ ဆက်လက်ကျဆင်းဖွယ်ရှိသည်ဟု ယူဆကြသည်။ ဖိလစ်ပိုင်တွင် မတ်လ ၂၆ ရက်မှ

မေလ ၁၀ ရက်နေ့အထိ (ရွေးကောက်ပွဲကာလအတွင်း) ဆန်ဝယ်ယူရေးစာချုပ်များ ချုပ်ဆိုမှုကို ပိတ်ပင်ထားကြောင်း သိရသည်။ ငွေကြေးအလွဲသုံးစားပြုမှုမှ ကာကွယ်ရန် ရည်ရွယ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ်နောက်ပိုင်းက ဖိလစ်ပိုင်၏ ဆန်တင်ဒါများကြောင့် ဒီဇင်ဘာလက ထိုင်းဆန် ၁၀၀% စံ သတ်မှတ် တင်ပို့မှုဈေးနှုန်းသည် တစ်တန်လျှင် ၆၄၀ ဒေါ်လာအထိ ရောက်ရှိခဲ့သော်လည်း ယခုအခါ တစ်တန်လျှင် ဒေါ်လာ ၁၂၀ ကျဆင်းကာသွားရာ တစ်တန်လျှင် ၅၂၀ ဒေါ်လာသာ ရှိတော့ သည်။ ဗီယက်နမ်တွင်လည်း ဆန်သစ်ပေါ်ချိန် ဝယ်လိုအားမရှိ၍ ဆက်လက်ဈေးကျနိုင်သည်ဟု မဲခေါင်ဒေသမှ ကုန်သည်များက ခန့်မှန်းကြသည်။

ဖိလစ်ပိုင်သည် ၂၀၁၀ ခုနှစ်အတွက် ဆန်တန်ချိန် ၂.၄၅ သန်း တင်သွင်းခဲ့ရာ ၂၀၀၉ နိုဝင်ဘာလနှင့်ဒီဇင်ဘာလအတွင်း ဆန်တန်ချိန် ၂.၂၅ သန်း တင်သွင်းရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ဇွန်လအထိ သင်္ဘောတင်ပို့ရန်ခွင့်ပြုထားကြောင်း သိရသည်။ ကျန်ဆန်တန်ချိန် ၂၀၀၀၀၀ တင်သွင်းခွင့်ကို ပုဂ္ဂလိကကုမ္ပဏီများကို တင်သွင်းခွင့်ပြုထားပြီး စက်တင်ဘာ ၁၅ ရက်နေ့အထိ သင်္ဘောတင် ခွင့်ပြုထားကြောင်း သိရသည်။

Source: riceonline.com, financialexpress.bd.com, Vietnamnews.vnageney.com.vn, thehindubusinessline.com, Oryza.com, abs-cbnnews.com

Date: 10,12, 15 March 2010